## ဓမ္မခန္ဓာ (၉၆) သွေးခဲဥ (အလ်–အလာ့က်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

| | |
|---|---|
| ၁။ | **اقْرَأْ بِاسْمِ رَبِّكَ الَّذِي خَلَقَ۞**<br>ကံကြမ္မာရှင်၏ ဂုဏ်တော်အားဖြင့် ရွတ်အံလော့၊ အရှင်သည် ဖြစ်တည်စေတော်မူ၏။[၁၁၇၈] |
| ၂။ | **خَلَقَ الْإِنسَانَ مِنْ عَلَقٍ۞**<br>လူသားကို သွေးဥခဲမှ ဖြစ်တည်စေတော်မူ၏။ |
| ၃။ | **اقْرَأْ وَرَبُّكَ الْأَكْرَمُ۞**<br>ကျက်သရေမင်္ဂလာအရှိဆုံးသော ကံကြမ္မာရှင်အားဖြင့် ရွတ်အံလော့။ |
| ၄။ | **الَّذِي عَلَّمَ بِالْقَلَمِ۞**<br>အရှင်သည် ကလောင်တံအားဖြင့် သွန်သင်ပေး၏။ |
| ၅။ | **عَلَّمَ الْإِنسَانَ مَا لَمْ يَعْلَمْ۞**<br>လူသားအား မသိခဲ့ရာမှ သွန်သင်ပေး၏။[၁၁၇၉] |
| ၆။ | **كَلَّا إِنَّ الْإِنسَانَ لَيَطْغَى۞**<br>အမှန်မှာ– လူသားသည် စည်းပျက်လေ့ရှိသည်မှာ– |
| ၇။ | **أَن رَّآهُ اسْتَغْنَى۞**<br>သူ့ကိုယ်သူ ကုံလုံပြည့်စုံသည်ဟု ထင်မြင်သောကြောင့် ဖြစ်၏။ |
| ၈။ | **إِنَّ إِلَى رَبِّكَ الرُّجْعَى۞**<br>ကေန်ပင် ဦးလှည့်ရမည်မှာ ကံကြမ္မာရှင်၏ ထံသို့ပင်။ |

---

**(၁၁၇၈)** သမိုင်းအရ ဤသုတ်တော်သည် ကိုယ်တော်မုဟမ္မဒ်၏ ပထမဦးဆုံး ရရှိသော ဥာဏ်စဉ်သိ ပညတ်တော် ဖြစ်၏။ ကိုယ်တော်သည် စာပေသမား မဟုတ်ချေ (၇း၁၅၇)။ သို့ဖြစ်၍ မည်သည့် စာရေးဆရာတို့၏ အာဘော်လောင်းရိပ်မှ မိခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ ကိုယ်တော့ထံသို့ ကိန်းဝပ်သော ဥာဏ်စဉ် ပညတ်များမှာ– ကိုယ်တော့နှလုံးသား၌ တံဆိပ်ရိုက်ပေး သကဲ့သို့ စွဲထင်သွားသော အသိပညတ်များ ဖြစ်၍– ထိုဥာဏ်စဉ်အား ပြန်လည် ရွတ်အံခြင်းသာ ဖြစ်ပေသည်။ ကိုယ်တော်မှ တစ်ဆင့် ကြားနာရသူများ အတွက် စာအံပေးခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ဤကျမ်းကိုလည်း စာအံကျမ်း သို့မဟုတ် ကုရ်အာန်ကျမ်းတော်ဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် လူသားတို့၏ အကူအညီဖြင့်သော်လည်းကောင်း– ဆရာတော်ကြီးများ ပြောဆိုသကဲ့သို့ ကောင်းကင်တမန်တော်၏ အကူအညီဖြင့် သော်လည်းကောင်း ဤပညတ်များကို ရွတ်အံခြင်း မဟုတ်ဘဲ– ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ တိုက်ရိုက် ကူညီစောင်မခြင်းအားဖြင့်သာ ရွတ်အံခြင်း ဖြစ်ကြောင်း– သုတ်တော် (၃)ပါ ကျက်သရေမင်္ဂလာ အရှိဆုံးသော ကံကြမ္မာရှင်**အားဖြင့်** ရွတ်အံလော့– ဟူသော စကားက သက်သေပင် ဖြစ်ပေသည်။

**(၁၁၇၉)** ဤ ကုရ်အာန်အား စတင်ချမှတ်ပေးသည့် အချိန်မှပင် ပညာသည် အရေးကြီးကြောင်း လူသားအား သွန်သင်ချက် ဖြစ်သည့် "လူသားအား ကလောင်တံအားဖြင့် သွန်သင်ပေး၏၊ မသိခဲ့ရာမှ သွန်သင်ပေး၏၊"ဟု ဆိုထားပေသည်။

| | |
|---|---|
| ၉။ | **أَرَأَيْتَ الَّذِي يَنْهَى۝**<br>သင် မြင်တွေ့ပြီလော–သူ ဟန့်တားနေသည်မှာ– |
| ၁၀။<br>☆၂း၃ | **عَبْدًا إِذَا صَلَّى۝**<br>အမှုတော်ဆောင်သည် စိတ်လေ့ကျင့်နေစဉ်၌☆ ဖြစ်၏။ |
| ၁၁။ | **أَرَأَيْتَ إِن كَانَ عَلَى الْهُدَى۝**<br>သင် မြင်တွေ့သလော– သူသည် လမ်းညွှန်၌ ရှိသည်ဟု– |
| ၁၂။ | **أَوْ أَمَرَ بِالتَّقْوَى۝**<br>သို့မဟုတ် စည်းစောင့်ရန် စီမံပေးနေသည်ဟု။ |
| ၁၃။ | **أَرَأَيْتَ إِن كَذَّبَ وَتَوَلَّى۝**<br>သင် မြင်တွေ့ပြီလော–သူသည် ငြင်းဆန်၏၊ ထို့နောက် လှည့်သွား၏၊– |
| ၁၄။ | **أَلَمْ يَعْلَمْ بِأَنَّ اللَّهَ يَرَى۝**<br>ပရမတ်ဘုရားရှင်သည် မြင်တွေ့နေသည်ဟု သူ မသိခြင်း မဟုတ်လော။ |
| ၁၅။ | **كَلَّا لَئِن لَّمْ يَنتَهِ لَنَسْفَعًا بِالنَّاصِيَةِ۝**<br>အမှန်မှာ– သူသည် မရပ်စဲလျှင်၊ ငါသည် သူ၏ ငယ်ထိပ်ဆံကို ဆွဲဆောင့်လတ္တံ့။[၁၁၈၀] |
| ၁၆။ | **نَاصِيَةٍ كَاذِبَةٍ خَاطِئَةٍ۝**<br>ငြင်းဆန်သူ၊ အပြစ်ရှိသူ၏ ငယ်ထိပ်ဆံပင် ဖြစ်၏။ |
| ၁၇။ | **فَلْيَدْعُ نَادِيَه۝**<br>ထိုအခါ၊ သူ့အား အရေးပေါ်ညီလာခံကို ခေါ်စေလော့။[၁၁၈၁] |
| ၁၈။ | **سَنَدْعُ الزَّبَانِيَةَ۝**<br>ငါသည် သူ့ရဲကောင်းတပ်ကို ဆင့်ခေါ်လတ္တံ့။[၁၁၈၂] |
| ၁၉။ | **كَلَّا لَا تُطِعْهُ وَاسْجُدْ وَاقْتَرِبْ۝**<br>အမှန်မှာ– သူ့အား မနာခံလင့်။[၁၁၈၃] ဦးချလျှက် အပါးတော်သို့ ချဉ်းကပ်လော့။ |

---

(**၁၁၈၀) နားဆွိယတ်ဟ်** ဆိုသည်မှာ ငယ်ထိပ်၏ ရှေ့ပိုင်းကို ခေါ်ပေသည်။ လူသားတို့၏ မကောင်းသော အကြံအစည်များကို ထုတ်လုပ်ပေးသည့် အစိတ်အပိုင်း ဖြစ်သည်ဟု ဆိုပေသည်။ ထိုအချက်ကို ယခုခေတ် ဆေးသိပ္ပံပညာရှင်များက အကြွင်းမဲ့ လက်ခံရလေပြီ။

**(၁၁၈၁) နားဒီယာတ်** ဆိုသည်မှာ တိုင်းပြည်၏ အရေးအကြီးဆုံး ညီလာခံဟု ဖြစ်သော **ဒါရိုလ် နာ့ဒ်ဝါ** ဆိုသည့် စကားလုံး **နာ့ဒ်ဝါ** နှင့် ရင်းမြစ်တူ စကားလုံး ဖြစ်သည်– ထို့ကြောင့် အရေးပေါ်ညီလာခံဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။

**(၁၁၈၂) ဇဘာနီးယတ်** ဆိုသည်မှာ သွက်လက်ဖျတ်လပ်သော လူငယ်လူရွယ်များ စုပေါင်းထားသော တပ်အင်အားစုဟု ဖြစ်သည်။ တနည်းအားဖြင့် မျိုးဆက်သစ် အင်အားစုများ ဖြစ်ပေသည်။

**(၁၁၈၃)** သုတ်တော်တွင် သူ့အား မနာခံလင့်၊ ဆိုသော ဝါကျနှင့် ဦးချလျှက် အပါးတော်သို့ ချဉ်းကပ်လော့ ဟူသော ဝါမှာ သီးခြားဝါကျ ဖြစ်သည်။ သူအား မနာခံလင့် ဆိုသည်မှာ မိမိကိုယ်မိမိ မာန်တက်ထောင်လွှားနေသော သူအား မနာခံလင့်ဟု ဖြစ်၍၊ ဦးချလျှက် အပါးတော်သို့ ချဉ်းကပ်လော့ ဆိုသည်မှာ ပရမတ်ဘုရားရှင်အား ဦးချလျှက် အရှင့်ဥပဒေများအား အတတ်နိုင်ဆုံး နီးကပ်သည်ထက် နီးကပ်ရန် ကြိုးပန်းလော့ဟု ဖြစ်ပေသည်။